ရင်းနှီး/ စီးပွား သတင်းလွှာ

MIFER

MIFER Newsletter
No: 3, Vol: 1/2025

ရင်းနှီး/ စီးပွားဝန်ကြီးဌာန

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက် (သောကြာနေ့)

အမေရိကန် - တရုတ် ကုန်သွယ်ရေးစစ်ပွဲကြားက အာဆီယံ (ASEAN) အခွင့်အရေး

စာမျက်နှာ ၁



၂၀၂၅ ခုနှစ် BRICS ထိပ်သီးအစည်းအဝေး၊ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းရေးနှင့် ထရမ့်၏ ကုန်သွယ်မှုဆိုင်ရာ သတိပေးချက်များ

စာမျက်နှာ ၁၂




ဥပဒေအရ မသေချာမှုများရှိသည့်အတွက် Meta နည်းပညာကုမ္ပဏီက EU ရဲ့ GPAI သဘောတူညီချက်ကို ငြင်းဆို

စာမျက်နှာ ၁၉




အမေရိကန်နှင့် ကုန်သွယ်ရေးညှိနှိုင်းမှုတွင် အင်ဒိုနီးရှားနိုင်ငံက အကောက်ခွန်နှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများကို လျှော့ချရန် ထရမ့်တရားဝင်ပြောကြား

စာမျက်နှာ ၂၂



# သတင်းများ


| | | |
|---|---|---|
| အမေရိကန် - တရုတ် ကုန်သွယ်ရေးစစ်ပွဲကြားက အာဆီယံ (ASEAN) အခွင့်အရေး | ဒေါက်တာခင်ဆွေဦး (UMO) | ၁ |
| စီးပွားရေးဖိအားများအကြား ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် တစ်ခုအဖြစ် ပံ့ပိုးနိုင်ရန် Doing Business in Singapore 2025 စာအုပ်အား မိတ်ဆက်ပေးလာသော စင်ကာပူနိုင်ငံ | ဒေါ်ခင်သီတာဇင် (DICA) | ၂ |
| ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုး ဘတ် ၂၀၀ ဘီလီယံထိ ထိခိုက်နိုင် | ဦးအောင်အောင်ဦး (DICA) | ၄ |
| အီလွန်မတ်စ် က Tesla နှင့် Samsung Electronics တို့အကြား ချစ်ပ် (Chip) ထောက်ပံ့ရေး စာချုပ် ဒေါ်လာ ၁၆.၅ ဘီလီယံတန်ဖိုးရှိကြောင်း အတည်ပြု ပြောကြား | စိမ်းလဲ့ရည်ထွန်း (DICA) | ၆ |
| Huawei နှင့် SP Group တို့ ပူးပေါင်း၍ စင်ကာပူ နိုင်ငံ၏ အမြန်ဆုံးအားသွင်းနိုင်မည့် လျှပ်စစ်သုံး ယာဉ်အားသွင်းကိရိယာကို ၂၀၂၅ ခုနှစ်၊ စတုတ္ထ ၃ လပတ်တွင် စတင်အသုံးပြုနိုင်ရန်မျှော်မှန်း | ဒေါ်သွယ်သွယ်ဆုတင် (FERD) | ၇ |
| ဂျပန်နိုင်ငံ၏ ချေးငွေစျေးကွက်(Bond Market) မတော်တဆ အတက်အကျများ ကြောင့်ရင်းနှီးမြှုပ်နှံသူ အများစု စိုးရိမ်မှုဖြစ်ပေါ် | ဒေါ်အေးသန္တာလွင် (DICA) | ၉ |
| ဗီယက်နမ်နှင့် လာအိုတို့၏ အမျိုးသားဥယျာဉ်များကို နယ်နိမိတ်ဖြတ်ကျော် ကမ္ဘာ့အမွေအနှစ် နေရာအဖြစ် အသိအမှတ်ပြုခဲ့ | ဒေါ်အိအိငြိမ်း (FERD) | ၁၀ |

# သတင်းများ


| | | |
|---|---|---|
| ၂၀၂၅ ခုနှစ် BRICS ထိပ်သီးအစည်းအဝေး၊ အမေရိကန် ဒေါ်လာတန်ဖိုးကျဆင်းရေးနှင့် ထရမ့်၏ ကုန်သွယ်မှုဆိုင်ရာ သတိပေးချက်များ | ပြုံးပြုံးရီ (FERD) | ၁၂ |
| OPEC မှ ကမ္ဘာ့စီးပွားရေးသည် ၂၀၂၅ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ပိုမို ကောင်းမွန်လာနိုင်ကြောင်း ပြောကြား | ဦးနိုင်မင်းထွန်း (FERD) | ၁၃ |
| ရေနံဓာတုစက်ရုံအသစ်များ ဖွင့်လှစ်ခြင်းနှင့် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးအပေါ် စိုးရိမ်ပူပန်မှုများကြောင့် တရုတ်နိုင်ငံ၏ Naphtha တင်သွင်းမှုသည် ၂၀၂၅ ခုနှစ်တွင် စံချိန်တင်အဆင့်သို့ ရောက်ရှိမည် | ဒေါ်မြအိန္ဒြေခင် (FERD) | ၁၆ |
| ဥပဒေအရ မသေချာမှုများရှိသည့်အတွက် Meta နည်းပညာကုမ္ပဏီက EU ရဲ့ GPAI သဘောတူညီချက်ကို ငြင်းဆို | ဒေါ်အိအိငြိမ်း (FERD) | ၁၉ |
| အမေရိကန်-ဖိလစ်ပိုင် ကုန်သွယ်ရေး သဘောတူညီချက်:ဖိလစ်ပိုင်နှင့် ဆွေးနွေးညှိနှိုင်းမှု အပြီးသတ်ကြောင်း ထရမ့်ပြောကြား - မနီလာသည် အကောက်ခွန် ၁၉ % ပေးဆောင်ရမည် | ဒေါ်ခိုင်သဇင် (FERD) | ၂၁ |
| အမေရိကန်နှင့် ကုန်သွယ်ရေးညှိနှိုင်းမှုတွင် အင်ဒိုနီးရှားနိုင်ငံက အကောက်ခွန် နှင့်အကောက်ခွန် မဟုတ်သော အတားအဆီးများကို လျှော့ချရန် ထရမ့်တရားဝင်ပြောကြား | ဒေါ်သန်းသန်းစိုး (FERD) | ၂၂ |

# အမေရိကန် - တရုတ် ကုန်သွယ်ရေးစစ်ပွဲကြားက အာဆီယံ (ASEAN) အခွင့်အရေး

၂၀၁၈ခုနှစ်မှစတင်၍ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးပဋိပက္ခ (U.S.-China Trade War) များကြောင့် ကမ္ဘာ့စီးပွားရေး အပေါ် သက်ရောက်မှုများ ကြီးမားလာခဲ့ပါသည်။ အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ထုတ်ကုန်များအပေါ် (Tariffs) မြှင့်တင်ခြင်းဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးအပေါ် ဖိအားပေးခဲ့ပါသည်။ သို့ရာတွင် အဆိုပါအခြေအနေသည် အာဆီယံ (ASEAN) နိုင်ငံများအတွက် အခွင့်အလမ်းသစ်များကို ဖန်တီးပေး နိုင်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ခဲ့ကြပါသည်။



အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ တင်သွင်းခဲ့သော အီလက်ထရောနစ် ပစ္စည်းများ၊ သံနှင့်သံမဏိများ၊ အိမ်သုံးပစ္စည်း များ စသည့်ပစ္စည်းများ အပေါ် အခွန် (Tariffs) ၂၅ ရာခိုင်နှုန်းအထိ ကောက်ခံရန် ဆုံးဖြတ်ခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် တရုတ်နိုင်ငံ၏ ထုတ်ကုန်များ ဈေးနှုန်း ကြီးမြင့်လာခဲ့ပြီး အမေရိကန်ဈေးကွက်တွင်လည်း ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းလာခဲ့ပါသည်။

တရုတ်နိုင်ငံရှိ နိုင်ငံတကာကုမ္ပဏီများဖြစ်ကြသည့် Apple, Nike, Samsung စသည့် ကုမ္ပဏီကြီးများသည်လည်း ထုတ်လုပ်မှု ကုန်ကျစရိတ် မြင့်မားလာမှုကြောင့် အာဆီယံနိုင်ငံများသို့ ၎င်းတို့၏စက်ရုံများ ရွှေ့ပြောင်းလာကြ ပါသည်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှား နိုင်ငံတို့တွင် အထည်ချုပ်လုပ်ငန်း၊ အီလက်ထရောနစ်နှင့် မော်တော်ယာဉ်အစိတ် အပိုင်းများကို ထုတ်လုပ်မှုများ မြင့်တက်လာခဲ့ပါသည်။

အမေရိကန်ကုမ္ပဏီများသည်လည်း တရုတ်နိုင်ငံအစား အာဆီယံနိုင်ငံ များမှ ကုန်ပစ္စည်းများကို တင်သွင်းလာခဲ့သောကြောင့် ဗီယက်နမ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ အထည်ချုပ်၊ ဖိနပ်နှင့် အီလက်ထရောနစ်ပစ္စည်းများ တင်ပို့မှု ၃၀ ရာခိုင်နှုန်းခန့်အထိ တိုးတက်လာခဲ့ပါသည်။ ထို့အပြင် မလေးရှားနိုင်ငံ၏ ဆီမီးကွန်ဒတ်တာများ (Semiconductors) တင်ပို့မှုများ မြင့်တက်လာခဲ့သကဲ့သို့ ထိုင်းနိုင်ငံအနေဖြင့်လည်း မော်တော်ယာဉ်နှင့် ပလပ်စတစ်များ တင်ပို့မှုမြင့်တက် လာခဲ့ပါသည်။

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးပဋိပက္ခကြောင့် အာဆီယံနိုင်ငံများအနေဖြင့် အကျိုးကျေးဇူးများ ရရှိလာသကဲ့သို့ တစ်ဖက်၌လည်း ကျွမ်းကျင်လုပ်သားနည်းပါးမှု ပြဿနာများ၊ အခြေခံ အဆောက်အအုံများ ဖြစ်သည့် လျှပ်စစ်၊ ဆိပ်ကမ်းနှင့်လမ်းပန်း ဆက်သွယ်ရေး အားနည်းမှုများစသည့် စိန်ခေါ်မှုများအပြင် တရုတ်နိုင်ငံ၏ ပြန်လည်တုံ့ပြန်မှုများလည်း ကြုံတွေ့ လာနိုင်ပါသည်။

သို့ဖြစ်၍ အမေရိကန်-တရုတ် ကုန်သွယ်ရေးပဋိပက္ခသည် အာဆီယံ နိုင်ငံများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးခဲ့သကဲ့သို့ တစ်ဘက်၌လည်း အဆိုပါ အကျိုးကျေးဇူးများ ရေရှည်တည်တံ့စေရန်နှင့် ထိရောက်စွာအသုံးချနိုင်ရန်အတွက် အရည်အသွေးမြင့်မားသော ထုတ်လုပ်မှု၊ ကျွမ်းကျင်လုပ်သား အင်အားနှင့် ကောင်းမွန်သည့် စီမံခန့်ခွဲမှုများလိုအပ်လာမည်ဖြစ်ပါကြောင်း သုံးသပ်ရပါသည်။

Source: https://www.bloomberg.com. (Bloomberg: ASEAN Benefits from U.S.- China Trade War)


ဒေါက်တာခင်ဆွေဦး
လက်ထောက်အတွင်းဝန်
မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ပြည်ထောင်စုဝန်ကြီးရုံး

---

**စီးပွားရေးဖိအားများအကြား ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် တစ်ခုအဖြစ် ပံ့ပိုးနိုင်ရန် Doing Business in Singapore 2025 စာအုပ်အား မိတ်ဆက်ပေးလာသော စင်ကာပူနိုင်ငံ**


စင်ကာပူနိုင်ငံသည် အခွန်ကောက်ခံမှုစနစ် ပွင့်လင်းမြင်သာမှုရှိပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် အကောင်းဆုံးသော စီးပွားရေးနိုင်ငံများထဲမှ တစ်ခု ဖြစ်ပါသည်။ ၎င်း၏ ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဈေးကွက်နှင့် ခိုင်မာသည့် အခြေခံအဆောက်အအုံများကြောင့် နိုင်ငံတကာကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှုအတွက် အဓိကထား ရွေးချယ်ကြပါသည်။

၂၀၂၄ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၂.၁ ရာခိုင်နှုန်း ကြီးထွားလာခဲ့ပြီး Q1 တွင် ၂.၇ ရာခိုင်နှုန်း အထိ တိုးတက်မှု ရှိခဲ့ပါသည်။ သို့သော် Monetary Authority of Singapore (MAS) စင်ကာပူနိုင်ငံ၏ ငွေကြေးအာဏာပိုင် အဖွဲ့ အစည်းမှ ကမ္ဘာ့ဝယ်လိုအားကျဆင်းလာမှု နှင့် ကုန်သွယ်မှုကာကွယ်ရေးမူဝါဒများ




(protectionism) တိုးလာခြင်းကြောင့် ၂၀၂၄ ခုနှစ်တွင် ၄.၄ ရာခိုင်နှုန်း မှ ၂၀၂၅ ခုနှစ်တွင် ၀ ရာခိုင်နှုန်းသို့မဟုတ် ၂ ရာခိုင်နှုန်းအထိ စင်ကာပူနိုင်ငံ၏ GDP ခန့်မှန်းချက်ကို လျှော့ချထားခဲ့ပါသည်။ အထူးသဖြင့် အမေရိကန်နိုင်ငံသည် ဧပြီလတွင် စင်ကာပူနိုင်ငံအပါအဝင် သွင်းကုန်အားလုံးကို ၁၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ခဲ့ပါသည်။ ထို့ကြောင့် မေလတွင် အမေရိကန် နိုင်ငံသို့ တင်ပို့မှု ၂၀.၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ရေနံမဟုတ်သော တင်သွင်းကုန်များ (Non-Oil Domestic Exports) သည် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၃.၅ ရာခိုင်နှုန်း လျော့နည်းသွားခဲ့ပါသည်။

ထိုသို့ ဖြစ်ပေါ်လာသော အခြေအနေများကို တုံ့ပြန်ရန်အတွက် MAS အနေဖြင့် ၂၀၂၅ ခုနှစ်တွင် ငွေကြေးမူဝါဒကို နှစ်ကြိမ်ဖြေလျှော့ပေးခဲ့ပါသည်။ အစိုးရအဖွဲ့များအနေဖြင့် အီလက်ထရောနစ် လုပ်ငန်းများ၊ ဓာတုလုပ်ငန်းများနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကဲ့သို့သော လုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိပါသည်။ ယခုအခါ စင်ကာပူနိုင်ငံတွင် အခွန်နှစ်ထပ်ကောက်ခံမှု သက်သာသည့် သဘောတူညီချက်များ (Double Taxation Agreements) ၁၀၀ ကျော်နှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များ (Free Trade Agreements) ၂၅ ခုကျော် ရှိပြီး ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများနှင့် စီမံခန့်ခွဲမှုများအတွက် အခွန်အခများ သက်သာစေရန် ဆောင်ရွက်ထားရှိပါသည်။




ထို့ကြောင့် စင်ကာပူနိုင်ငံ အနေဖြင့် စီးပွားရေး ဖိအားများရှိသော်လည်း တည်ငြိမ်သော စည်းမျဉ်းစည်းကမ်းများ၊ တည်နေရာ၊ ASEAN နှင့် RCEP ထောက်ပံ့ရေး ကွင်းဆက်များတွင် အရေးပါသော အခန်းကဏ္ဍတို့ကြောင့် အရှေ့တောင်အာရှဒေသ၏ အတည်ငြိမ်ဆုံးနှင့် ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ခုအဖြစ် ဆက်လက်တည် ရှိနေပါသည်။

ထိုကဲ့သို့သော အကြောင်းအရာများ အပါအဝင် Doing Business in Singapore 2025 စာအုပ်အား Dezan Shira & Associates

မှ ၂၀၂၅ ခုနှစ်တွင် မိတ်ဆက်ပေးလာခဲ့ပြီး ထိုလမ်းညွှန်တွင် စင်ကာပူနိုင်ငံ၏ ကုမ္ပဏီတည်ထောင်ခြင်း၊ အခွန် စနစ်၊ လူသားအရင်းအမြစ်နှင့် လစာစီမံခန့်ခွဲမှု အစရှိသည့်စီးပွားရေးလုပ်ငန်းများအတွက် အရေးပါသော အကြောင်းအရာ အသစ်များစွာကို ထည့်သွင်းဖော်ပြထားပါ သည်။

Source: https://www.aseanbriefing.com/news/an-introduction-to-doing-business-in-singapore-2025-new-publication-from-dezan-shira-associates/

ဒေါ်ခင်သီတာဇင်
ဦးစီးအရာရှိ
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## ထိုင်းနိုင်ငံ၏ ပို့ကုန်တန်ဖိုး ဘတ် ၂၀၀ ဘီလီယံထိ ထိခိုက်နိုင်

ထိုင်းနိုင်ငံသည် ယခုနှစ်တွင် အမေရိကန်ပြည်ထောင်စုက ထိုင်းထုတ်ကုန်များအပေါ် တင်သွင်းမှုအကောက်ခွန်နှုန်းထား ၂၅-၃၆ ရာခိုင်နှုန်း သတ်မှတ်လျှင် ပို့ကုန်တန်ဖိုး ဘတ် ၂၀၀ ဘီလီယံခန့် ဆုံးရှုံးနိုင်သည်ဟု ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးတက္ကသိုလ် (UTCC) မှ ခန့်မှန်းထားသည်။

UTCC ၏ ဥက္ကဋ္ဌ Mr.Thanavath Phonvichai က ထိုင်းနိုင်ငံသည် အခွန်နှုန်းထားများ အတည်မပြုမီ ဩဂုတ်လ ၁ ရက်နေ့အထိ အမေရိကန်နှင့် ပိုမိုသင့်လျော်သော အခွန်နှုန်းထား ၂၀ ရာခိုင်နှုန်းအထိ (ဗီယက်နမ်နှင့် တူညီသော နှုန်း) လျှော့ချရေး ဆွေးနွေးရန် အခွင့်အလမ်းရှိနေဆဲ ဖြစ်သော်လည်း အခွန်ဆိုင်ရာ သဘောတူညီမှုရရှိရေးမှာ မသေချာကြောင်းနှင့် အကယ်၍ အခွန်နှုန်းထားများသည် တစ်နှစ်တာလုံး ၂၅-၃၆ ရာခိုင်နှုန်းဖြစ်နေပါက ပို့ကုန်တန်ဖိုး ဘတ် ၄၀၀-၆၀၀ ဘီလီယံခန့် ထိခိုက်နိုင်ကြောင်း ပြောကြားခဲ့သည်။



UTCC က ဇွန်လအတွက် စားသုံးသူယုံကြည်မှု အညွှန်းကိန်းသည် ၅၂.၇သို့ ကျဆင်းခဲ့ကြောင်းနှင့် ယင်းသည် ၂၈ လအတွင်း အနိမ့်ဆုံးဖြစ်ကာ ယခုနှစ်ကုန်အထိ ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း ထုတ်ပြန်ထားသည်။

Mr.Thanavath က ၎င်းကျဆင်းမှုသည် ထိုင်းအစိုးရ၏ တည်ငြိမ်မှုဆိုင်ရာ ကိစ္စရပ်များ ဆက်လက်ဖြစ်ပွားနေသော နိုင်ငံရေးမသေချာမှုများနှင့် အမေရိကန်၏ ကုန်သွယ်ရေးစစ်ပွဲတို့နှင့် ဆက်နွယ်နေကြောင်း ပြောကြားခဲ့သည်။

အစိုးရ၏ စီးပွားရေးလှုံ့ဆော်မှုအစီအမံများ အကောင်အထည်ဖော်မှုနှင့် ထိုင်းဘဏ်က မူဝါဒ အတိုးနှုန်းကို ၁.၇၅ ရာခိုင်နှုန်းသို့ လျှော့ချခဲ့သော်လည်း စားသုံးသူများသည် စီးပွားရေး ပြန်လည်နာလန်ထူမှုကို နှေးကွေးသည်ဟု ခံစားနေရပြီး အထူးသဖြင့် ဈေးငွေရယူရန် ခက်ခဲမှုများ ဖြစ်နေသည်။

ဇွန်လတွင်ကုန်သည်အဖွဲ့ဝင်များ၏စီးပွားရေးဆိုင်ရာသဘောထားစစ်တမ်းတွင် စီးပွားရေး ယုံကြည်မှုသည် ၄ လဆက်တိုက် ကျဆင်းခဲ့ပြီး ၃၀ လ အတွင်း အနိမ့်ဆုံးဖြစ်သည့် ၄၆.၇ သို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

စီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းနိုင်ငံရေးပြဿနာများ၊ အမေရိကန်၏ကုန်သွယ်ရေးအတားအဆီးများ၊ခရီးသွားလုပ်ငန်းပြန်လည် နာလန်ထူမှု နှေးကွေးခြင်းနှင့် ပိုမိုကျယ်ပြန့်လာသော စီးပွားရေးအားနည်းချက်များကို ဖော်ပြခဲ့သည်။

စီးပွားရေးအသိုက်အဝန်းသည် အစိုးရအား စီးပွားရေးလှုံ့ဆော်မှု အစီအမံများကို အရှိန်မြှင့်တင်ရန်၊ အမေရိကန်နှင့် အခွန်နှုန်းထားများကို ၃၆ ရာခိုင်နှုန်းအောက်သို့ လျှော့ချရေးညှိနှိုင်းမှုများ ဆောင်ရွက်ရန်၊ ဈေးငွေရယူမှု ပိုမိုလွယ်ကူစေရန်နှင့် ထိုင်း-ကမ္ဘောဒီးယားနယ်စပ် ပြဿနာများကို ကာကွယ်ရန် အစီအမံများ လုပ်ဆောင်ရန် တိုက်တွန်းထားကြောင်း သိရှိရသည်။

Source: https://www.bangkokpost.com/business/general/3066484/export-value-could-take-b200bn-hit

ဦးအောင်အောင်ဦး
ဒုတိယဦးစီးမှူး
မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## အီလွန်မတ်စ် က Tesla နှင့် Samsung Electronics တို့အကြား ချစ်ပ် (Chip) ထောက်ပံ့ရေး စာချုပ် ဒေါ်လာ ၁၆.၅ ဘီလီယံတန်ဖိုးရှိကြောင်း အတည်ပြုပြောကြား

Tesla ၏ CEO ဖြစ်သူ Elon Musk က Samsung Electronics နှင့် အမေရိကန်ဒေါ်လာ ၁၆.၅ ဘီလီယံ တန်ဖိုးရှိ semiconductors များရောင်းချရန် အတွက် သဘောတူစာချုပ် လက်မှတ် ရေးထိုးခဲ့ကြောင်း၊ ၎င်း၏ X စာမျက်နှာတွင် ဖော်ပြခဲ့ပါသည်။ Memory chipmaker ဖြစ်သော Samsung အနေဖြင့် စာချုပ်တွင် ပါဝင်သည့် အခြားကုမ္ပဏီအမည်ကို ၎င်း၏ ကနဦး ဖော်ပြချက်တွင် ထုတ်ဖော် ပြောကြားခြင်းမရှိခဲ့ပါ။ သို့သော် မတ်စ်၏ လူမှုမီဒီယာပလက်ဖောင်း X ပေါ်တွင် Tesla သည် စာချုပ်ပါ အခြားကုမ္ပဏီဖြစ်သည်ကို နောက်ပိုင်းတွင် အတည်ပြုခဲ့ ပါသည်။ အဆိုပါ စာချုပ်သည် ၂၆-၇-၂၀၂၄ ရက်နေ့မှ စတင်အကျိုးသက်ရောက် မည်ဖြစ်ပြီး ၃၁-၁၂-၂၀၃၃ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်ကိုလည်း ထည့်သွင်းဖော်ပြခဲ့ပါသည်။




Samsung ၏ တက္ကဆပ်စ် (Texas) တွင်ရှိသည့် စက်ရုံသစ်ကြီး အနေဖြင့် Tesla ၏ မျိုးဆက်သစ် AI6 Chips ကို ထုတ်လုပ်ပေးရန်သီးသန့်ရည်ရွယ်ကြောင်း မတ်စ်ကထပ်မံ၍ပို့စ်တင်ခဲ့ပါသည်။ ၎င်းက Samsung သည် လက်ရှိတွင် AI4 ကို ထုတ်လုပ်နေပြီး TSMC သည် ဒီဇိုင်း ပြီးစီးပြီဖြစ်သည့် AI5 ကို ထိုင်ဝမ်(Taiwan)နှင့် Arizona တွင် ဆက်လက် ထုတ်လုပ်သွားမည်ဖြစ် ကြောင်းလည်း ဖော်ပြခဲ့ပါသည်။ Samsung အနေဖြင့် စာချုပ်ပါ အသေးစိတ်အချက်အလက်များကို ၂၀၃၃ ခုနှစ်ကုန် အထိ ထုတ်ပြန်မည်မဟုတ်ကြောင်း ကုန်သွယ်မှုဆိုင်ရာ လျှို့ဝှက်ချက်များကို ကာကွယ်ရန် တောင်းဆိုမှုအရဖြစ်ကြောင်း ကနဦးဖော်ပြခဲ့ပါသည်။

တောင်ကိုရီးယား ပြည်တွင်းမီဒီယာများသည် အမေရိကန် Chips ကုမ္ပဏီ Qualcomm က Samsung ၏ 2 nanometer နည်းပညာကို အသုံးပြု၍ ထုတ်လုပ် ထားသော Chips များအတွက် မှာယူမှုပြုလုပ်နိုင်ကြောင်း၊ ဝင်ငွေရှင်းတမ်း ထုတ်ပြန်ရာတွင် Samsung သည် ၎င်း၏ဒုတိယသုံးလပတ် အကျိုးအမြတ်တစ်ဝက် ကျော် တိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း၊ HBM ၏ ဦးဆောင်သူဖြစ်သည့်

SK Hynix သည် အမေရိကန် AI နည်းပညာကုမ္ပဏီကြီး Nvidia အတွက် အဓိက Chips ရောင်းချသူဖြစ်လာခဲ့ကြောင်း၊ Samsung သည် ၎င်း၏ HBM Chips များ၏ နောက်ဆုံးဗားရှင်းကို Nvidia မှ အသိအမှတ်ပြု လက်ခံနိုင်ရန် ကြိုးစားနေကြောင်း ဖော်ပြထားပါသည်။

**Source:**https://www.cnbc.com/2025/07/28/samsung-electronics-new-chip-supply-contract.html

စိမ်းလဲ့ရည်ထွန်း
ဦးစီးအရာရှိ
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

**Huawei နှင့် SP Group တို့ ပူးပေါင်း၍ စင်ကာပူနိုင်ငံ၏ အမြန်ဆုံးအားသွင်းနိုင်မည့် လျှပ်စစ်သုံး ယာဉ်အားသွင်းကိရိယာကို ၂၀၂၅ ခုနှစ်၊ စတုတ္ထ ၃ လပတ်တွင် စတင်အသုံးပြုနိုင်ရန်မျှော်မှန်း**



၂၀၂၅ ခုနှစ်၊ စတုတ္ထ ၃ လပတ်တွင် တရုတ်နည်းပညာ ကုမ္ပဏီကြီးဖြစ်သည့် Huawei နှင့် SP Group တို့ပူးပေါင်း၍ စင်ကာပူနိုင်ငံ၏ အမြန်ဆုံး အားသွင်းနိုင်မည့် လျှပ်စစ်သုံးယာဉ် အားသွင်းကိရိယာ **"ultra-fast"** charger ကို ပြုလုပ်မည်ဖြစ်ပါသည်။ ကုမ္ပဏီနှစ်ခု၏ ပူးတွဲကြေညာ ချက်အရ အဆိုပါ EV Charger ကို Temasek Polytechnic တွင် ထားရှိမည်ဖြစ်ပြီး လျှပ်စစ်ရရှိနိုင်မှုအပေါ်မူတည်၍ ၄၈၀ ကီလိုဝပ်အထိ အားသွင်းနိုင်မည်ဖြစ်ပါသည်။

ကုမ္ပဏီ ၂ ခုသည် စင်ကာပူနိုင်ငံရှိ မဟာဗျူဟာကျသည့် နေရာများတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် အဆင့်မြင့်လျှပ်စစ်အားသွင်းစနစ်ကို အသုံးချရန်၊ အလွန်လျင်မြန်စွာအားသွင်းနိုင်မည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာများ မျှဝေရန်စသည်တို့အတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါသဘောတူညီချက်သည် ခရီးသည်တင် လျှပ်စစ်သုံးယာဉ်များ အတွက်သာမက ပုဂ္ဂလိကခရီးသည်တင် ယာဉ်များအပါအဝင် စီးပွားရေးလုပ်ငန်းသုံး

လျှပ်စစ်သုံးယာဉ်များအတွက်လည်း အကျိုးဝင်မည်ဖြစ်ပါသည်။

Huawei International ၏ အမှုဆောင်အရာရှိချုပ် Maxi Wang က **"မော်တော်ယာဉ် အုပ်စုကို ထိန်းချုပ်ကွပ်ကဲသူများ၏ လိုလားချက်အပေါ်မူတည်၍ အနာဂတ်တွင် လိုအပ်လာနိုင်သည့် အခြေအနေများကို အဆင်ပြေလွယ်ကူစေရေး charger ကို ပုံစံထုတ်လုပ်ထားခြင်းဖြစ်ကြောင်း"** ပြောကြားခဲ့ပါသည်။ SP Group ၏ မန်နေးဂျင်းဒါရိုက်တာ Mr. Dean Cher က **"ကုန်စည်တင် လျှပ်စစ်သုံးယာဉ်ကြီးများတွင် စင်ကာပူနိုင်ငံ၏ အလျင်မြန်ဆုံး လျှပ်စစ်သုံးယာဉ် အားသွင်းခြင်းကို အသုံးပြုခြင်းသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ အားသွင်းရာတွင် အချိန်ကြာမြင့်မှုနည်းခြင်းသည် ယာဉ်ရပ်နားထားမှုအချိန်ကို လျော့ကျစေပြီးနိုင်ငံအတွက် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းသည့် သယ်ယူပို့ဆောင်ရေးကို ဖြစ်စေကြောင်း"** ပြောကြားခဲ့ပါသည်။

အမြင့်ဆုံးအားသွင်းနိုင်မည့်နှုန်းမှာ လျှပ်စစ်သုံးယာဉ်တစ်စီးအတွက် ၅ မိနစ်လျှင် ကီလိုမီတာ ၂၀၀ ထပ်တိုးမောင်းနှင်နိုင်မည်ဖြစ်ပါသည်။ Huawei Digital Power Technologies နှင့် SP Mobility ၏ အားသွင်းကွန်ရက်တို့ဖြင့် အများပြည်သူသုံး အမြန်ဆုံးအားသွင်း charger ကို စင်ကာပူနိုင်ငံတွင် အသုံးပြုနိုင်မည်ဖြစ်ပြီး အနည်းဆုံးအားသွင်းရာနေရာ ၄ ခုအထိ ထားရှိမည် ဖြစ်ပါသည်။

လျှပ်စစ်သုံးယာဉ်များကို အားသွင်းရာတွင် အကြီးဆုံးကန့်သတ်ချက်ဖြစ်သည့် အပူချိန်အတွက် Charging unit နှင့် ကေဘယ်ကြိုးနှစ်ခုလုံးကို အရည်ဖြင့် အအေးခံသည့်စနစ် (Liquid cooling system) ဖြင့် ထိန်းညှိပေးပါသည်။ မော်တော်ယာဉ်ထုတ်လုပ်သူများ၏ ပြောကြားချက်အရ အမြန်ဆုံး အားသွင်းနိုင်မည့် လျှပ်စစ်သုံးယာဉ် အားသွင်းကိရိယာ (EV Charger) နောက်တစ်ခုမှာ Tesla ၏ Supercharger ဖြစ်ပြီး ၂၅၀ ကီလိုဝပ်နှင့် ၁၅ မိနစ်လျှင် ၂၇၀ ကီလိုမီတာ ထပ်တိုးမောင်းနှင်နိုင်မည်ဖြစ်ပါသည်။

Source: The Business Times

https://www.businesstimes.com.sg/singapore/huawei-and-sp-group-launch-singapores-fastest-public-ev-charger-q4


ဒေါ်သွယ်သွယ်ဆုတင်
လက်ထောက်ညွှန်ကြားရေးမှူး
မူဝါဒနှင့်ဥပဒေဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

# ဂျပန်နိုင်ငံ၏ ချေးငွေဈေးကွက်(Bond Market) မတော်တဆ အတက်အကျများ ကြောင့်ရင်းနှီးမြှုပ်နှံသူ အများစု စိုးရိမ်မှုဖြစ်ပေါ်



ဂျပန်နိုင်ငံတွင် ယခင်တည်ငြိမ်ပြီး ယုံကြည်မှုအပြည့်အဝ ရရှိနေသည့် ဒေါ်လာ ၇.၆ ထရီလီယံခန့်ရှိသော အစိုးရဘဏ္ဍာချေးငွေဈေးကွက်သည် ယခုအခါ ဖြစ်ပေါ်နေသည့် မတော်တဆ အတက်အကျများကြောင့် ရင်းနှီးမြှုပ်နှံသူ အများစု စိုးရိမ်စေခဲ့ကြောင်းသိရပါသည်။

အနှစ် ၄၀ သက်တမ်းရှိ ဂျပန်နိုင်ငံ၏ အစိုးရငွေချေးစာချုပ်များ လေလံတင်ရောင်းချပွဲသည် ယခင်နှစ်များထက် ဝယ်ယူမှုနှုန်းများ ကျဆင်းသွားခဲ့ပြီး ထိုသို့ကျဆင်းမှုသည် အစိုးရအသုံးစရိတ်နှင့် အမေရိကန်-ဂျပန် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် သတင်းများကြောင့် ကျဆင်းခဲ့ကြောင်း သိရပါသည်။ ဇူလိုင်လ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် အမေရိကန် သမ္မတ Donald Trump က ဂျပန်ထုတ်ကုန်များကို ၁၅% အခွန်သတ်မှတ်သည့် သဘောတူညီချက်ကို ကြေညာပြီးနောက်ဂျပန်ဘဏ္ဍာချေးငွေလွှာ တန်ဖိုးကျဆင်းသွားခဲ့ကြောင်းသိရပါသည်။




ဂျပန်နိုင်ငံတွင် အစိုးရဘဏ္ဍာချေးလွှာများသည် ယခင်ကာလများတွင် ယုံကြည်မှုအမြင့်ဆုံး ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားတစ်ခုအဖြစ် သတ်မှတ်ထားပြီး ခေတ်အဆက်ဆက် ဈေးကွက်အများစုတွင် တည်ငြိမ်မှုအရှိဆုံး ချေးငွေလွှာတစ်ခုအဖြစ် သတ်မှတ်ခြင်းခံထားရသည်။ သို့သော် ယခုအခါတွင် ဈေးကွက်တန်ဖိုးကျဆင်းမှုနှင့် အတိုးနှုန်းမြင့်တက်မှုတို့ကြောင့် ဂျပန်နိုင်ငံ၏ အမျိုးသားဘဏ်(BOJ)ကလည်း မိမိတို့၏ ပိုင်ဆိုင်မှုများမှ ချေးငွေလွှာများကို ဝယ်ယူမှုလျှော့ချရန် ဆောင်ရွက်နေကြောင်းနှင့် သာမန်အားဖြင့် ၂၀ နှစ်၊ ၄၀ နှစ် သက်တမ်းရှိ အစိုးရငွေချေးစာချုပ်ကို ငွေကြေးအာမခံကုမ္ပဏီများက ပုံမှန်ဝယ်ယူလေ့ ရှိသော်လည်း လတ်တလောတွင် ဝယ်ယူခြင်း မရှိသေးကြောင်း သိရပါသည်။

အစိုးရဘဏ္ဍာရေးချေးငွေလွှာ ဝယ်ယူမှုနည်းပါးလာခြင်းကြောင့် အတိုးနှုန်း

များ မြင့်တက်လာပြီး ဂျပန်အစိုးရ၊ ကုမ္ပဏီများနှင့် ပြည်သူများအတွက် ချေးငွေကုန်ကျစရိတ်များ မြင့်တက်လာခဲ့ကြောင်းနှင့် နိုင်ငံတော်ဘဏ်အနေဖြင့်လည်း ချေးငွေနှုန်းကို လျှော့ချရန်နှင့် ငွေဖောင်းပွမှုကို ထိန်းချုပ်ရန်အခက်အခဲရှိကြောင်း သိရပါသည်။

Source: https://www.bloomberg.com/news/articles/2025-07-23/why-japan-s-bond-market-has-investors-worried?srnd=phx-economics-v2

ဒေါ်အေးသန္တာလွင်
ဒုတိယဦးစီးမှူး
ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

---

## ဗီယက်နမ်နှင့် လာအိုတို့၏ အမျိုးသားဥယျာဉ်များကို နယ်နိမိတ်ဖြတ်ကျော် ကမ္ဘာ့အမွေအနှစ် နေရာအဖြစ် အသိအမှတ်ပြုခဲ့



ဗီယက်နမ်အလယ်ပိုင်းရှိ Phong Nha - Ke Bang အမျိုးသား ဥယျာဉ်၏ ကမ္ဘာ့သဘာဝအမွေအနှစ် နေရာအဖြစ် တိုးချဲ့ခြင်းတွင် လာအိုနိုင်ငံ၊ Kham-mouane စီရင်စုရှိ Hin Nam No အမျိုးသားဥယျာဉ်အထိ ပါဝင်ကြောင်းကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စ်စကို) ၏ ကမ္ဘာ့ အမွေအနှစ်ကော်မတီက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။

အဆိုပါဆုံးဖြတ်ချက်ကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် (၄၇) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီ အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ ကမ္ဘာ့သဘာဝအမွေအနှစ် နေရာအဖြစ် သတ်မှတ်ပြီးနောက် ၎င်းနေရာအား **“Phong Nha - Ke Bang National Park and Hin Nam No National Park”** ဟု တရားဝင် အမည်ပေးခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံအစိုးရတို့က ပူးတွဲအမည်စာရင်းတင်သွင်းသည့်စာတမ်းကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်စကို) သို့ တင်သွင်းခဲ့ပါသည်။ ယခုအခါတွင်

ဗီယက်နမ်နိုင်ငံ၌ ကမ္ဘာ့အမွေအနှစ်နေရာ ၉ နေရာထိ ရှိလာပြီဖြစ်ပါသည်။ ၎င်းနေရာများတွင် ပြည်နယ်အချင်းချင်းကြား နေရာနှစ်ခုဖြစ်သည့် Ha Long Bay - Cat Ba ကျွန်းစုနေရာများ နှင့် Yen Tu - Vinh Nghiem - Con Son- Kiep Bac အထိမ်းအမှတ်ကျောက် တိုင်များနှင့်ရှုခင်းများ ပါဝင်ပြီး အဆိုပါ ကမ္ဘာ့အမွေအနှစ် နေရာ ၂ ခုသည် ဗီယက်နမ်နိုင်ငံ၏ မြောက်ဘက်ပိုင်းတွင် တည်ရှိ ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် နောက်ဆုံးအသိအမှတ်ပြုသည့် နေရာသည် ပထမဆုံး နယ်နိမိတ် ဖြတ်ကျော်အမွေအနှစ်နေရာဖြစ်ပါသည်။ ယင်းအမွေအနှစ်သည် နယ်နိမိတ်ဖြတ်ကျော် ယဉ်ကျေးမှု အမွေအနှစ်များ စီမံခန့်ခွဲမှု၏ စံနမူနာတစ်ခုဖြစ်ပြီး ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေး နှင့်စပ်လျဉ်းသည့် ယူနက်စကို ကွန်ဗင်ရှင်း ၁၉၇၂ အကောင်အထည်ဖော်မှု၏ လက်တွေ့အတွေ့အကြုံများကို မျှဝေနိုင်မည်ဖြစ်ပါသည်။

အဆိုပါနေရာသည် ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ယဉ်ကျေးမှု အမွေအနှစ်များ ပူးပေါင်းဆောင်ရွက်မှု၏ သင်္ကေတတစ်ခုအဖြစ် တည်ရှိနေပြီး အိမ်နီးချင်းနှစ်နိုင်ငံကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံး ညီညွတ်မှုကို အထောက်အကူဖြစ်စေပါသည်။

Source: https://e.vnexpress.net/news/travel/places/national-parks-of-vietnam-laos-recognized-as-transboundary-world-heritage-site-4913871.html

ဒေါ်အိအိငြိမ်း
ဒုတိယဦးစီးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ၂၀၂၅ ခုနှစ် BRICS ထိပ်သီးအစည်းအဝေး၊ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းရေးနှင့် ထရမ့်၏ ကုန်သွယ်မှုဆိုင်ရာ သတိပေးချက်များ



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် **"BRICS အဖွဲ့၏ အမေရိကန် ဆန့်ကျင်ရေး မူဝါဒများနှင့် ပူးပေါင်းဆောင်ရွက်သည့် မည်သည့်နိုင်ငံကိုမဆို အကောက်ခွန် ၁၀ ရာခိုင်နှုန်း အပိုဆောင်း ကောက်ခံမည်ဖြစ်ကြောင်း၊ အဆိုပါ မူဝါဒအတွက် ခြွင်းချက်မရှိကြောင်း"** လူမှုကွန်ရက် မီဒီယာမှတစ်ဆင့် ပြောကြားခဲ့ပါသည်။

ဘရာဇီးလ်နိုင်ငံ၊ ရီယိုဒီဂျနေးရိုးမြို့၌ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ BRICS ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ပါသည်။ သမ္မတထရမ့်က ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ကုန်သွယ်မှုဆိုင်ရာ ခြိမ်းခြောက်မှုအဖြစ် BRICS အဖွဲ့သည် အမေရိကန်ဒေါ်လာကို ပျက်စီးစေရန် တည်ထောင်ထားခြင်းဖြစ်ကြောင်းနှင့် အဆိုပါအဖွဲ့တွင်ပါဝင်သည့် မည်သည့်နိုင်ငံမဆို အကျိုးဆက်များကို ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထရမ့်၏ ပြောကြားချက်များသည် အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေးဆွေးနွေးပွဲများနှင့်အတူ တစ်ပြိုင်နက်တည်း ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး အစောပိုင်းကာလတွင် ကြေညာခဲ့သည့် အမေရိကန်၏ ရက်ပေါင်း ၉၀ အခွန် ဆိုင်းငံ့ကာလ ပြီးဆုံးချိန်နှင့် တိုက်ဆိုင်နေကြောင်း၊ ထရမ့်အစိုးရအဖွဲ့က နိုင်ငံပေါင်း ၂၀ ကျော်ကို ကုန်သွယ်မှုနှင့် စပ်လျဉ်းသည့်စာများပေးပို့ခဲ့ပြီး အဆိုပါစာများတွင် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ နောက်ဆုံးထားပြီး နိုင်ငံများနှင့် သဘောတူညီချက်များ မရရှိပါက အကောက်ခွန် နှုန်းထားအသစ်များ ချမှတ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၅ ခုနှစ်အတွက် BRICS ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ဘရာဇီးလ်နိုင်ငံက ထရမ့်၏ ကုန်သွယ်မှုဆိုင်ရာ ခြိမ်းခြောက်မှုများအပေါ် ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ပါသည်။ ဘရာဇီးလ်သမ္မတ Luiz Inácio Lula da Silva က ကမ္ဘာကြီးအနေဖြင့် နောက်ထပ် ဧကရာဇ်တစ်ပါး မလိုလားကြောင်း ပြောကြားခဲ့ပါသည်။ ထရမ့်က ဘရာဇီးလ်နိုင်ငံ၏ ပို့ကုန်များအပေါ် အကောက်ခွန် ၅၀ ရာခိုင်နှုန်း ကောက်ခံရန် ချမှတ်ခဲ့ပါသည်။

ထိုသို့ ချမှတ်ခဲ့ခြင်းသည် ဘရာဇီးလ်သမ္မတဟောင်း Bolsonaro အပေါ် စွဲချက်တင်ခဲ့ခြင်းနှင့် အမေရိကန် နည်းပညာကုမ္ပဏီများကို တိုက်ခိုက်ခဲ့ခြင်းတို့ကြောင့် ထရမ့်က ဘရာဇီးလ်နိုင်ငံကို သတိပေးရခြင်းဖြစ်ကြောင်း အကြောင်းပြခဲ့ပါသည်။ ဘရာဇီးလ်သမ္မတထံ ပေးပို့ခဲ့သည့်စာတွင် အမေရိကန်အနေဖြင့် ဘရာဇီးလ်နှင့် တန်းတူယှဉ်ပြိုင်နိုင်ရန်အတွက် အကောက်ခွန် စည်းကြပ်ရမည်ဖြစ်ကြောင်း၊ ဘရာဇီးလ်အနေဖြင့် သမ္မတဟောင်း Bolsonaro အပေါ် ဆက်ဆံခဲ့သည့်ပုံစံသည် နိုင်ငံတကာ၏ ဂုဏ်သိက္ခာကို ထိခိုက်စေကြောင်း သမ္မတဟောင်းသည် သူ၏ သက်တမ်းတစ်လျှောက် အမေရိကန်ပြည်ထောင်စု အပါအဝင် ကမ္ဘာတစ်ဝန်းတွင် လေးစားခံရသည့် ခေါင်းဆောင်တစ်ဦး ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဘရာဇီးလ်နိုင်ငံတွင် ကျင်းပခဲ့သည့် BRICS ထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်တွင် အီရန်အပေါ် (အစ္စရေးလ်နှင့် အမေရိကန်တို့၏) တိုက်ခိုက်မှုများကို ပြစ်တင်ရှုတ်ချခဲ့ပြီး အကောက်ခွန်များ၏ ဆိုးကျိုးသက်ရောက်မှုများကို သတိပေးခဲ့ပါသည်။ ထို့ပြင်အမေရိကန်သမ္မတကို စိတ်အနှောင့်အယှက် ဖြစ်စေမည့် နိုင်ငံစုံပါဝင်သည့် အဖွဲ့အစည်းများပြုပြင်ပြောင်းလဲရေးကိုလည်း တောင်းဆိုခဲ့သည်။

Source: https://moderndiplomacy.eu/2025/07/14/brics-summit-2025-de-dollarisation-and-trumps-warnings/

ပြုံးပြုံးရီ
ဦးစီးအရာရှိ
ဆွေးနွေးဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

## OPEC မှ ကမ္ဘာ့စီးပွားရေးသည် ၂၀၂၅ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ပိုမိုကောင်းမွန်လာနိုင်ကြောင်း ပြောကြား

ကုန်သွယ်မှုပဋိပက္ခများ ရှိနေသော်လည်း ယခုနှစ် ဒုတိယနှစ်ဝက်တွင် ကမ္ဘာ့စီးပွားရေးသည် မျှော်မှန်း ထားသည်ထက် ပိုမိုကောင်းမွန်နိုင်ကြောင်း OPEC က ပြောကြားလိုက်သည်။ နွေရာသီခရီးသွားလာမှု တိုးလာခြင်းကြောင့် ရေနံချက်စက်ရုံများ၏ ရေနံစိမ်းထုတ်လုပ်မှု မြင့်မားနေဦးမည်ဖြစ်ပြီး ယင်းအချက်က ရေနံဝယ်လိုအား ခန့်မှန်းချက်ကို ထောက်ခံပေးလိမ့်မည်ဟုလည်း OPEC က ထပ်လောင်း ပြောဆို ခဲ့သည်။

အင်္ဂါနေ့က ထုတ်ပြန်ခဲ့သည့် OPEC ၏ လစဉ် အစီရင်ခံစာတွင် ရေနံ

တင်ပို့သည့် နိုင်ငံများအဖွဲ့ (OPEC) က ကမ္ဘာ့ရေနံဝယ်လိုအား တိုးတက်မှု ခန့်မှန်းချက်ကို ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်များအတွက် မပြောင်းလဲဘဲ ထားရှိခဲ့သည်။ ဧပြီလတွင် ရေနံထုတ်လုပ်မှု လျှော့ချခဲ့ပြီးနောက် ယခုလို မပြောင်းလဲဘဲ ထားရှိခြင်းမှာ စီးပွားရေးအလားအလာ ခိုင်မာနေခြင်းကြောင့် ဖြစ်သည်ဟု OPEC က ပြောကြားခဲ့သည်။



OPEC ၏အစီရင်ခံစာတွင် အိန္ဒိယ၊ တရုတ်နှင့် ဘရာဇီးတို့သည် ယခုနှစ်တွင် မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့ပြီး၊အမေရိကန် ပြည်ထောင်စုနှင့် ယူရိုဇုန်တို့သည် ပြီးခဲ့သည့်နှစ်က စတင်ခဲ့သော ပြန်လည်ဦးမော့လာမှုသည် ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်ဟု ဖော်ပြထားသည်။ ထိုအခြေအနေများအရ ၂၀၂၅ ခုနှစ် ဒုတိယနှစ်ဝက်အတွက် စီးပွားရေးတိုးတက်မှုသည် လက်ရှိခန့်မှန်း ထားသည်ထက် ပိုမိုကောင်းမွန်လာနိုင်သည်ဟု OPEC မှ ထုတ်ပြန်ခဲ့သည်။

ကုန်သွယ်မှု ပဋိပက္ခများကို ကျော်လွှားနိုင်သည့် ခိုင်မာသော စီးပွားရေးအခြေအနေသည် OPEC+ (OPEC နှင့် ရုရှားအပါအဝင် မဟာမိတ်နိုင်ငံများ) အတွက် ၎င်းတို့၏ ဈေးကွက်ဝေစု ပြန်လည်ရရှိရန် ရည်ရွယ်ပြီး နှစ်ပေါင်းများစွာ ဖြတ်တောက်ခဲ့သည့် ရေနံထုတ်လုပ်မှုကို ပိုမိုတိုးမြှင့်မည့် အစီအစဉ်ကို ဆက်လက်လုပ်ဆောင်ရန် ပိုမိုလွယ်ကူစေမည် ဖြစ်သည်။

ဇူလိုင် ၅ ရက်နေ့က ပြုလုပ်ခဲ့သည့် OPEC+ အစည်းအဝေးတွင် ဩဂုတ်လအတွက် ရေနံထုတ်လုပ်မှုကို တစ်နေ့လျှင် စည်ပေါင်း ၅၄၈,၀၀၀ တိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။ ဤဆုံးဖြတ်ချက်သည် အစ္စရေးနှင့် အမေရိကန်တို့မှ အီရန်ကို တိုက်ခိုက်ပြီးနောက် ရေနံဈေးနှုန်းများ မတည်ငြိမ်မှုဖြစ်ချိန်တွင် ပထမဆုံး အကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး ထုတ်လုပ်မှုတိုးမြှင့်မှုကို ပိုမိုအရှိန်မြှင့်လိုက်ခြင်းလည်း ဖြစ်သည်။

OPEC+ ၏ မျှော်မှန်းထားသည်ထက် ပိုမိုများပြားသော ထုတ်လုပ်မှုတိုးမြှင့်မှုနှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ရုရှားကို ယူကရိန်းစစ်ပွဲရပ်တန့်ရန် ရက် ၅၀ အချိန်သတ်မှတ်ခဲ့သော်လည်း ရေနံဈေးနှုန်းများသည် သိသာစွာ ကျဆင်းခြင်းမှု မရှိခြင်း၏ အဓိကအကြောင်းရင်းမှာ ရာသီအလိုက် ဝယ်လိုအားမြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

OPEC မှ ထုတ်ပြန်သောအစီရင်ခံစာအရ ဇွန်လအတွင်း ကမ္ဘာတစ်ဝှမ်း ရေနံချက်စက်ရုံများ၏ ရေနံစိမ်း ထုတ်လုပ်မှုသည် မေလကထက် တစ်နေ့လျှင် စည်ပေါင်း ၂ ဒသမ ၁ သန်းခန့် သိသာစွာ တိုးလာခဲ့ကြောင်း ဖော်ပြထားသည်။ ယင်းသို့ တိုးမြင့်နိုင်ခြင်းမှာ ပြုပြင်ထိန်းသိမ်းမှုများ လုပ်ဆောင်ပြီးနောက် ရေနံချက်စက်ရုံများ ပြန်လည်လည်ပတ်ခြင်းကြောင့်ဖြစ်ပြီး၊ ပိုမိုခိုင်မာသည့် ရေနံဈေးကွက်၏ လက္ခဏာ တစ်ခုဖြစ်သည်ဟု OPEC က ဆိုသည်။ ထို့ပြင် ရေနံစိမ်း ထုတ်လုပ်မှုပမာဏ မြင့်မားနေဦးမည်ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

OPEC က ကမ္ဘာတစ်ဝှမ်း အထူးသဖြင့် အမေရိကန်ပြည်ထောင်စုရှိ ရေနံချက်စက်ရုံများ၏ ရေနံစိမ်းထုတ်လုပ်မှုသည်ဝယ်လိုအား အထူးသဖြင့် ဓာတ်ဆီ၊ လေယာဉ်ဆီ၊ ရေနံဆီနှင့် အခြားဘေးထွက် ပစ္စည်းတို့၏ ရာသီအလိုက် တိုးမြင့်မှုကို ဖြည့်ဆည်းရန် မြင့်မားနေဦးမည်ဟု ပြောကြားခဲ့သည်။

OPEC က ယခုအခြေအနေသည် နွေရာသီ ခရီးသွားလာမှုများနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်လာခြင်းကြောင့် လောင်စာဆီဝယ်လိုအား မြင့်တက်လာမည့် အခြေအနေကို ရည်ညွှန်းကြောင်းဖော်ပြခဲ့သည်။ ထို့ကြောင့် ရေနံချက်စက်ရုံများအနေဖြင့် တိုးလာသည့် ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန် ၎င်းတို့၏ ထုတ်လုပ်မှုနှုန်းကို မြှင့်တင်ထားရန် လိုအပ်မည်ဟု OPEC က ခန့်မှန်းထားသည်။

OPEC ၏ ဝယ်လိုအား ခန့်မှန်းချက်များသည် စက်မှုလုပ်ငန်းအပေါ် ခန့်မှန်းချက်သည် အခြားခန့်မှန်းချက်များထက် ပိုမိုမြင့်မားလျက်ရှိသည်။ ယင်းသို့ မြင့်မားခြင်းမှာ OPEC က အခြားသော ခန့်မှန်းသူ အချို့ထက် စွမ်းအင်ကူးပြောင်းမှုသည် ပိုမိုနှေးကွေးမည်ဟု မျှော်မှန်းထားသောကြောင့်ဖြစ်သည်။ OPEC ၏ အစီရင်ခံစာထွက်ပေါ်လာပြီးနောက် Brent ရေနံစိမ်းဈေးနှုန်းသည် တည်ငြိမ်နေခဲ့ပြီး တစ်စည်ကို ၆၉ ဒေါ်လာဝန်းကျင်တွင် အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု သိရသည်။

OPEC ၏ အစီရင်ခံစာအရ ဇွန်လတွင် OPEC+ အဖွဲ့ဝင်နိုင်ငံများက တစ်နေ့လျှင် ရေနံစည်ပေါင်း ၄၁ ဒသမ ၅၆ သန်း ထုတ်လုပ်ခဲ့ရာ အဆိုပါ ထုတ်လုပ်မှုသည် မေလထက် ၃၄၉,၀၀၀ စည် တိုးလာခြင်းကို ပြသသည်ဟု ဖော်ပြထားသည်။ သို့သော် ဤပမာဏသည် အဖွဲ့က ဇွန်လအတွက် သတ်မှတ်ထားသည့် ၄၁၁,၀၀၀ စည် တိုးမြှင့်ဖို့ပမာဏထက် အနည်းငယ်လျော့နည်းသည်ကို တွေ့ရသည်။ ဤသို့လျော့နည်းရခြင်းမှာ အီရတ်ကဲ့သို့သော အချို့နိုင်ငံများက အစောပိုင်းက ထုတ်လုပ်မှုပမာဏ ကျော်လွန်ခဲ့သည်များကို ပြန်လည်လျော့ချရန် ကတိပြု

ထားခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ တစ်ဖက်တွင်မူ ကာဇက်စတန် ကဲ့သို့သော နိုင်ငံများအနေဖြင့် သတ်မှတ်ပမာဏကိုကျော်လွန်ပြီး ထုတ်လုပ်ခဲ့ခြင်းမျိုးများလည်း ရှိနေသည်ဟု သိရသည်။

ကာဇက်စတန်နိုင်ငံ၏ ထုတ်လုပ်မှုသည် OPEC+ သတ်မှတ်ချက်များနှင့် ကိုက်ညီရန် ဖိအားပေးခံနေရသော်လည်း ပြီးခဲ့သည့်လက တိုးလာခဲ့သည်။ မေလ တွင် အနည်းငယ် ကျဆင်းခဲ့ပြီးနောက် ဇွန်လတွင် ပြန်လည်မြင့်တက်လာကာ နိုင်ငံ၏သတ်မှတ်ထားသော ပမာဏကို ကျော်လွန်နေဆဲဖြစ်ကြောင်း OPEC အစီရင်ခံစာတွင် ဖော်ပြထားသည်။ OPEC ၏ အဆိုအရ ကာဇက်စတန်နိုင်ငံ၏ ရေနံထုတ်လုပ်မှုသည် ဇွန်လတွင် တစ်နေ့ စည်ပေါင်း ၆၄,၀၀၀ တိုးလာခဲ့ပြီး စုစုပေါင်း ၁ ဒသမ ၈၄၇ သန်းအထိ ရောက်ရှိခဲ့ ကြောင်း ပြောကြားထားသည်။

Source: https://www.reuters.com/business/energy/opec-says-world-economy-may-do-better-second-half-year-2025-07-15/#:

ဦးနိုင်မင်းထွန်း
လက်ထောက်ညွှန်ကြားရေးမှူး
စီမံရေးရာနှင့် ငွေစာရင်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ရေနံဓာတုစက်ရုံအသစ်များ ဖွင့်လှစ်ခြင်းနှင့် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေး အပေါ် စိုးရိမ်ပူပန်မှု များကြောင့် တရုတ်နိုင်ငံ၏ Naphtha တင်သွင်းမှုသည် ၂၀၂၅ ခုနှစ်တွင် စံချိန်တင်အဆင့်သို့ ရောက်ရှိမည်

တရုတ်နိုင်ငံတွင် ရေနံဓာတုစက်ရုံအသစ်များ ဖွင့်လှစ်ခြင်းနှင့် အမေရိကန်နိုင်ငံ၏ ပရိုပိန်းနှင့် အီသိန်း ဝယ်ယူမှုများခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏ Naphtha တင်သွင်းမှုသည် ယခုနှစ်အတွင်း စံချိန်တင်အဆင့်သို့ ရောက်ရှိသွားမည် ဖြစ်ပါသည်။ ဤအခြေအနေများကြောင့် ဓာတုပစ္စည်းထုတ်လုပ်မှုတွင် Raw Material အဖြစ်အသုံးပြုသည့် Petrochemical Feedstock အတွက် လိုအပ်ချက် တက်လာစေမည် ဖြစ်ပြီး စက်ရုံများ၏အမြတ် (Refiners' Margins) ကိုလည်း အထောက်အပံ့ဖြစ်စေကြောင်း လေ့လာသုံးသပ်သူများနှင့် ကုန်သည်များက ပြောကြားခဲ့ပါသည်။

ကမ္ဘာ့အကြီးဆုံး ရေနံဓာတုထုတ်လုပ်သည့် နိုင်ငံအတွင်းရှိ Cracker Operators (ရေနံဓာတုစက်ရုံများတွင်ကြီးကြပ်သူများ) သည် မကြာသေးမီနှစ်

များအတွင်း ဈေးသက်သာသော အမေရိကန်နိုင်ငံ၏ ပရိုပိန်းနှင့် အီသိန်းကို အသုံးပြုရန် ပြောင်းလဲခဲ့သော်လည်း၊ အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲကြောင့် အမေရိကန်နိုင်ငံ၏ တင်သွင်းမှုများကို ရရှိရန် အနှောင့်အယှက်ဖြစ်လာပြီး နောက်ပိုင်းတွင် Naphtha သို့ ပြောင်းလဲအသုံးပြုလာကြောင်း သတင်းအရင်းအမြစ်များက ပြောကြားထားပါသည်။



ပစ္စည်းများကို မတူညီသော ရင်းမြစ်များ မှ တင်သွင်းရန် လိုအပ်ချက်နှင့် စက်ရုံအသစ်များ၏ တိုးလာသော လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ယခုနှစ်တွင် Naphtha တင်သွင်းမှုသည် မက်ထရစ်တန် ၁၆ သန်းမှ ၁၇ သန်း (သို့မဟုတ် ဗားရယ် ၁၄၄ သန်းမှ ၁၅၃ သန်း) အထိ မှတ်တမ်းတင် အမြင့်ဆုံးအဖြစ် တက်လာမည်ဟု Rystad Energy and FGE မှ ပြောရေးဆိုခွင့် ရှိသူများက ဆိုထားပါသည်။ သို့သော် JLC Network Technology Co. က Naphtha တင်သွင်းမှုသည် ၂၀၂၅ ခုနှစ် တင်သွင်းမှုတွင် မက်ထရစ် ဖတန် ၁၅ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားပါသည်။

တရုတ်နိုင်ငံ၏ Naphtha တင်သွင်းမှုသည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၁၂ သန်း ရှိခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရှိရပါသည်။ အမေရိကန်ကုန်စည်များအပေါ် ယုံကြည်မှုဆိုင်ရာပြဿနာနှင့်အတူ အီသိန်းနှင့် ပရိုပိန်းတင်သွင်းမှုဆိုင်ရာပြဿနာများကြောင့် အခြားရင်းမြစ်များကို ပြောင်းလဲစဉ်းစားလာရကြောင်း Rystad Energy မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ Pankaj Srivastava က ပြောကြားခဲ့ပါသည်။

Naphtha ကို တင်သွင်းပေးနေသည့် အရင်းအမြစ်များ မတူညီခြင်းကြောင့် စိုးရိမ်ပူပန်ရန်မလိုကြောင်း၊ ၂၀၂၅ ခုနှစ် နှစ်ကုန်တွင် တရုတ်နိုင်ငံအနေဖြင့် သွင်းကုန်ဝယ်လိုအားကို အထောက်အကူဖြစ်စေရန်အတွက် တစ်နှစ်လျှင် အီသီလင်း ပမာဏ စုစုပေါင်းတန်ချိန် ၄ သန်းခန့် တင်သွင်းရန် မျှော်မှန်းထားပြီး ၂၀၂၆ ခုနှစ်၊ ပထမနှစ်ဝက်တွင် တန်ချိန် ၆ သန်းအထိ တိုးလာမည်ဟု Rystad Energy မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ Pankaj Srivastava က ထပ်လောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတကာ စွမ်းအင်အေဂျင်စီ (International Energy Agency- IEA) ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ အစီရင်ခံစာအရ တရုတ်နိုင်ငံ၏ Naphtha ဝယ်လိုအားသည် ၂၀၂၅ ခုနှစ်တွင် ၆ ရာခိုင်နှုန်းခန့်နှင့် ၂၀၂၆ ခုနှစ်တွင် ၈.၆ ရာခိုင်နှုန်းအထိ တိုးလာရန် မျှော်မှန်းထားပါသည်။ ပရိုပိန်းနှင့်အီသိန်းတို့ တိုးတက်မှုနှုန်းကို ၂၀၂၅

ခုနှစ်တွင် ၂.၃ % နှင့် ၂၀၂၆ ခုနှစ်တွင် ၁.၃ % မျှော်မှန်းထားခြင်းကြောင့် Naphtha ဝယ်လိုအား ခန့်မှန်းချက်သည် ပိုမိုများပြားနေပါသည်။

တရုတ်အစိုးရ၏ အချက်အလက်များအရ တရုတ်နိုင်ငံသည် ဇန်နဝါရီလမှ မေလအတွင်း Naphtha မက်ထရစ်တန် ၆ သန်းနီးပါး တင်သွင်းခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၂.၈၁ % တိုးလာခဲ့ပါသည်။ ထိုပမာဏသည် ၂၀၁၅ ခုနှစ် မှစ၍ အမြင့်ဆုံးဖြစ်ခဲ့ပြီး အဓိကဝယ်ယူခဲ့သည့် နိုင်ငံများမှာ ရုရှား၊ အာရပ် စော်ဘွားများ ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်ပါသည်။

တရုတ်အစိုးရ၏ အချက်အလက်များအရ ၂၀၂၅ ခုနှစ် ပထမငါးလအတွင်း ပရိုပိန်း တင်သွင်းမှုမှာ ယခင်နှစ်နှင့် နှိုင်းယှည်ပါက ၆ % တိုးလာပြီး မက်ထရစ်တန် ၁၂.၃ သန်း ရှိပါသည်။ ထိုကာလအတွင်း အီသိန်းတင်သွင်းမှုတွင် မက်ထရစ်တန် ၂.၃ သန်း အတိုင်း မပြောင်းလဲဘဲ တည်ငြိမ်နေပါသည်။

အမေရိကန်ကုန်စည်များကို သတိထားဝယ်ယူနေခြင်းကြောင့် ပရိုပိန်း အပါအဝင် တရုတ်နိုင်ငံ၏ ရေနံဓာတ်ငွေ့ရည် (Liquid Petroleum Gas - LPG) တင်သွင်းမှုသည် တတိယသုံးလပတ်တွင် လျော့ကျသွားဖွယ်ရှိကြောင်း Energy Aspects မှ ဇူလိုင် ၄ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

Naphtha ၏ ခိုင်မာသောဝယ်လိုအားသည် အာရှ Refiners များ၏ အမြတ်အစွန်းကို ထောက်ပံ့ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း လေ့လာသူများက ပြောကြားခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ဝယ်လိုအားများလာခြင်း မျှော်မှန်းချက်ကြောင့် ယခုလအတွင်း Naphtha ၏ အမြတ်မှာ ၄ ရာခိုင်နှုန်းခန့် မြင့်တက်လာ ပြီး Brent ရေနံဈေးနှုန်းထက် ကျော်လွန်ကာ အမေရိကန်ဒေါ်လာ ၇၃.၃၀ ပိုမိုရှိလာခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ဝယ်လိုအား ပိုမိုများပြားလာခြင်းကြောင့် တတိယသုံးလပတ်၏ အလယ်ကာလဖြစ်သည့် စက်တင်ဘာလမှ စတုတ္ထလေးလပတ်အထိ Naphtha ကို အသုံးပြုပြီး သန့်စင်မှုပြုလုပ်သည့် Refiner များ၏ အမြတ် အစွန်းများ ပိုမိုလာနိုင်သည်ဟု Rystad သုံးသပ်သူ Srivastava က ပြောကြားခဲ့ပါသည်။

Source: https://www.reuters.com/business/energy/new-plants-us-trade-worries-drive-chinas-2025-naphtha-imports-record-2025-07-16/

ဒေါ်မြဒိအိန္ဒြေခင်
ဒုတိယဦးစီးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ဥပဒေအရ မသေချာမှုများရှိသည့်အတွက် Meta နည်းပညာကုမ္ပဏီက EU ရဲ့ GPAI သဘောတူညီချက်ကို ငြင်းဆို

အမေရိကန်နိုင်ငံ အခြေစိုက် Meta နည်းပညာကုမ္ပဏီသည် ဥရောပသမဂ္ဂ (EU) ၏ အထွေထွေ ရည်ရွယ်ချက်အတွက် အသုံးပြုနိုင်သော တုန့်ပြန်မှုစွမ်းဆောင်ရည်မြင့် ညဏ်ရည်တုနည်းပညာ (Global Partnership on Artificial Intelligence – GPAI) မော်ဒယ်များအတွက် လမ်းညွှန်ချက်များအား လက်မှတ်ရေးထိုးမည်မဟုတ်ကြောင်း လွန်ခဲ့သောအပတ်က ကြေညာခဲ့ပါသည်။ ဩဂုတ်လ ၂ ရက်၌ ပထမအဆင့် စတင်အသက်ဝင်မည့် AI အက်ဥပဒေ၏ စည်းမျဉ်းများကို လိုက်နာရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်သည့် GPAI Code of Practice ၏ နောက်ဆုံးဗားရှင်းကို လက်ခံရရှိ ထားကြောင်း ဥရောပသမဂ္ဂ (EU) က ဇူလိုင်လ အစောပိုင်းတွင် ပြောကြားခဲ့ပါသည်။ Menlo Park ကို အခြေခံသည့် နည်းပညာကုမ္ပဏီကြီးက လက်မှတ်ရေးထိုးခြင်းမပြုသည့် အကြောင်းအရင်းတွင် "နည်းပညာရေးဆွဲသူများအတွက် တရားဥပဒေရေးရာ ခိုင်မာမှုမရှိနေခြင်း" ကြောင့် ဟု ပြောကြားခဲ့ပါသည်။




Meta နည်းပညာကုမ္ပဏီ၏ ကမ္ဘာလုံးဆိုင်ရာအရာရှိချုပ် Joel Kaplan သည် GPAI ကို လက်မှတ်ရေးထိုးခြင်းမပြုရန် ဆုံးဖြတ်ထားကြောင်း ကြေညာခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်သည် လမ်းညွှန်ချက်အား စနစ်တကျ သုံးသပ်ပြီး ချမှတ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် Joel Kaplan က ဥရောပသမဂ္ဂသည် ညဏ်ရည်တုနည်းပညာနှင့်စပ်လျဉ်းပြီး မှားယွင်းသည့် ဆုံးဖြတ်ချက်ကို ချမှတ်ရန် ရွေးချယ်နေကြောင်းလည်း ထပ်မံပြောကြားခဲ့ပါသည်။

GPAI တွင် ပွင့်လင်းမြင်သာမှု၊ မူပိုင်ခွင့်၊ ဘေးကင်းရေးနှင့် လုံခြုံရေးဟူသည့် အခန်းသုံးခန်းပါရှိပြီး GPAI တွင် အသုံးပြုရလွယ်ကူသော နည်းပညာဆိုင်ရာ အချက်အလက်ပုံစံ (model documentation form) ကို ပြင်ဆင်ရေးဆွဲရန် လမ်းညွှန်ချက်များ၊ ဥရောပသမဂ္ဂ၏ မူပိုင်ခွင့်ဥပဒေနှင့် ကိုက်ညီမှုရှိစေသည့် အကြံပြုချက်များ၊ large language models (LLMs) ကို သုံးစွဲသူများအတွက် အခြေခံအခွင့်အရေးများနှင့် အန္တရာယ်များမဖြစ်ပေါ်စေရန် စနစ်တကျလုံခြုံရေး ထိန်းချုပ်ခြင်း

စသည့် လမ်းညွှန်ချက်များပါဝင်ပါသည်။ အခြေခံအားဖြင့် ၎င်းလမ်းညွှန်ချက်များသည် ကုမ္ပဏီများ၏ AI ဥပဒေအတွက် ကိုယ်တိုင်ပြင်ဆင်နိုင်ရန် လမ်းညွှန်ချက်တစ်ခုသာဖြစ်ပြီး ဥပဒေအရ သက်ရောက်စေမည်မဟုတ်ပါ။

GPAI ၏ လမ်းညွှန်ချက်သည် AI ဥပဒေနှင့် သက်ဆိုင်မှုရှိသည့် စည်းမျဉ်းအား ကျော်လွန်နေသည်ဟု Kaplan က ဝေဖန်ခဲ့သည်။ Airbus၊ Lufthansa၊ Mercedes-Benz၊ Philips၊ Siemens Energy နှင့် အခြားဥရောပရှိ ကုမ္ပဏီအများအပြားသည် AI ဥပဒေနှင့်စပ်လျဉ်းသည့် အချိန်သတ်မှတ်ချက်ကို ရပ်တန့်ရန် (stop the clock) အိတ်ဖွင့် ပေးစာ (open letter) တစ်စောင်ကို လက်မှတ်ရေးထိုးပြီး ဥရောပကော်မရှင် (EC) ထံ တင်ပြခဲ့ကြပါသည်။

Meta နည်းပညာကုမ္ပဏီ၏ အမှုဆောင်အရာရှိက ၎င်းတို့သည်လည်း ဥရောပရှိ ကုမ္ပဏီများ၏ စိုးရိမ်မှု များနှင့် အတူတူဖြစ်ကြောင်း ဆိုရှယ်မီဒီယာတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။ ဥရောပသမဂ္ဂ(EU) မှ “လက်လှမ်းမီမှုလွန်ကဲခြင်း” သည် ဥရောပရှိ AI မော်ဒယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးချခြင်းများ အပေါ် အဟန့်အတားဖြစ်လာနိုင်သည်ဟု Meta နည်းပညာကုမ္ပဏီ၏ အမှုဆောင်အရာရှိက ပြောကြားခဲ့ပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ OpenAI သည် GPAI သဘောတူညီချက်ကို လက်မှတ်ထိုးရန် ရည်ရွယ်ထားကြောင်း ကြေညာထားပြီး ဖြစ်ပါသည်။ ဆန့်ကျင်မှုများရှိသော်လည်း ဥရောပကော်မရှင် (EC) သည် AI ဥပဒေကို ယခင်က ကြေညာထားသော အချိန်ဇယားအတိုင်း မဖြစ်မနေ အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း သတင်းများတွင် ပြောကြားထားပါသည်။ “AI ဥပဒေနှင့်စပ်လျဉ်း၍ အမျိုးမျိုးရေးသားတင်ပြကြသည်ကို တွေ့ဖူးကြောင်းနှင့် အချိန်ကာလကို ရပ်တန့်ရန် မဖြစ်လာနိုင်ကြောင်း ပြတ်ပြတ်သားသား ပြောကြားခဲ့သည့်အပြင် အကောင်အထည်ဖော်ရန် အချိန်ရွှေ့ဆိုင်းမှုလည်း ပြုလုပ်မည်မဟုတ်ကြောင်း ကော်မရှင်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် Thomas Regnier ကို Reuters သတင်းဌာန၌ ပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။

Source: [https://www.gadgets360.com/ai/news/meta-european-union-eu-gpai-code-of-practice-europe-on-ai-8918201](https://www.gadgets360.com/ai/news/meta-european-union-eu-gpai-code-of-practice-europe-on-ai-8918201)

ဒေါ်အိအိငြိမ်း
ဒုတိယဦးစီးမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

# အမေရိကန်-ဖိလစ်ပိုင် ကုန်သွယ်ရေးသဘောတူညီချက် : ဖိလစ်ပိုင်နှင့် ဆွေးနွေးညှိနှိုင်းမှု အပြီးသတ် ကြောင်း ထရမ့်ပြောကြား - မနီလာသည် အကောက်ခွန် ၁၉ % ပေးဆောင်ရမည်

အမေရိကန်-ဖိလစ်ပိုင် ကုန်သွယ်ရေးသဘောတူညီချက် အသစ်အောက်မှ ဖိလစ်ပိုင်နိုင်ငံသည် အကောက်ခွန် ၁၉ ရာခိုင်နှုန်း ပေးဆောင်ရန်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

အိမ်ဖြူတော်တွင် ဖိလစ်ပိုင်သမ္မတ Ferdinand Marcos နှင့် ဆွေးနွေးညှိနှိုင်းမှုအပြီးတွင် သမ္မတထရမ့်က ယခုခရီးစဉ်သည် လှပသော ခရီးစဉ်တစ်ခုဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုသဘောတူညီချက်ကို အပြီးသတ်ခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် ဈေးကွက်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး အကောက်ခွန်နှုန်း သုညရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အကောက်ခွန်နှုန်း ၁၉ ရာခိုင်နှုန်း ပေးဆောင်ရန်ရှိကြောင်း Reuters သတင်းဌာနသို့ ပြောကြားခဲ့ သည်။



အထူးသဖြင့် တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံက ကြီးစိုးနေသဖြင့် နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးစပ်စေရန် နှစ်နိုင်ငံ ဆွေးနွေးမှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ထရမ့်၏ ဒုတိယသမ္မတ သက်တမ်းအတွင်း သမ္မတ Marcos သည် ဝါရှင်တန်သို့ ပထမဦးဆုံး လာရောက်သည့် အရှေ့တောင်အာရှ ခေါင်းဆောင်တစ်ယောက်ဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီး Marco Rubio နှင့် ကာကွယ်ရေးဝန်ကြီး Pete Hegseth ကဲ့သို့ အမေရိကန် အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဘဲဥပုံရုံးခန်းတွင် တွေ့ဆုံခဲ့ပြီး ထိုသို့ တွေ့ဆုံစဉ် သမ္မတထရမ့်က သမ္မတ Marcos သည် ဆွေးနွေးမည့် အကြောင်းအရာတွင် စစ်ပွဲနှင့်ငြိမ်းချမ်းရေးနှင့် ကုန်သွယ်ရေးတို့ပါဝင်ရန် အကြံပြုခဲ့သည့် ခိုင်မာသော ညှိနှိုင်းရေးမှူး တစ်ယောက်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အပြန်အလှန်အားဖြင့် သမ္မတ Marcos ကလည်း အမေရိကန်သည် ဖိလစ်ပိုင်၏ အခိုင်မာဆုံး မိတ်ဖက်ဖြစ်ကြောင်း၊ လွတ်လပ်သောနိုင်ငံခြားရေးမူဝါဒအပေါ် ဖိလစ်ပိုင်၏ ကတိကဝတ်ကို

ထပ်လောင်းအတည်ပြုလိုကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါခရီးစဉ် မတိုင်မီက နှစ်နိုင်ငံအကြား အကောက်ခွန်ဆိုင်ရာ တင်းမာမှုများရှိခဲ့ပါသည်။ ဖိလစ်ပိုင် နိုင်ငံအနေဖြင့် ဩဂုတ်လ ၁ ရက် နောက်ဆုံးထား၍ ကုန်သွယ်ရေး သဘောတူညီချက်ရရှိအောင် ညှိနှိုင်းခြင်းမပြုလျှင် ဖိလစ်ပိုင် ကုန်စည်များအပေါ် အကောက်ခွန် ၂၀ ရာခိုင်နှုန်း ကောက်ခံမည်ဟု အစောပိုင်းတွင် ပြောကြားခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်၏ အချို့သောကုန်စည်များအပေါ် အကောက်ခွန် သုညရာခိုင်နှုန်း ကမ်းလှမ်းနိုင်သည်ဟု ဘဏ္ဍာရေးဆိုင်ရာ အတွင်းရေးမှူး Ralph Recto ကပြောကြားခဲ့ပြီး ဖိလစ်ပိုင်သမ္မတ Marcos က ညှိနှိုင်းမှုဆောင်ရွက်ရန် အဆင်သင့်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုအတောအတွင်း တရုတ်နိုင်ငံကလည်း အမေရိကန်-ဖိလစ်ပိုင် ပူးပေါင်းဆောင်ရွက်မှုသည် တတိယအုပ်စုများကို ထိခိုက်မှု မဖြစ်စေသင့်ကြောင်း ပြောကြားခဲ့ပါသည်။

Source: https://timesofindia.indiatimes.com/business/international-business/us-philippines-trade-deal-trump-says-philippines-talks-concluded-manila-to-pay-19-tariff/articleshow/122842786.cms

ဒေါ်ခိုင်သဇင်
ဒုတိယညွှန်ကြားမှူး
အာဆီယံနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

---

**အမေရိကန်နှင့် ကုန်သွယ်ရေးညှိနှိုင်းမှုတွင် အင်ဒိုနီးရှားနိုင်ငံက အကောက်ခွန်နှင့်အကောက်ခွန်မဟုတ်သော အတားအဆီးများကို လျှော့ချရန် ထရမ့်တရားဝင်ပြောကြား**

အင်ဒိုနီးရှားနိုင်ငံက အမေရိကန်ကုန်ပစ္စည်း ၉၉ ရာခိုင်နှုန်းကျော်အတွက် အကောက်ခွန်များကို ဖယ်ရှား ရန်နှင့် အမေရိကန်ကုမ္ပဏီများ ကြုံတွေ့နေရသည့် အကောက်ခွန်မဟုတ်သော အတားအဆီးများအားလုံးကို ဖယ်ရှားရန် သဘောတူခဲ့ပြီး အမေရိကန်ဘက်ကလည်း အင်ဒိုနီးရှားထုတ်ကုန်များအပေါ် အကောက်ခွန်နှုန်း ၃၂ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း နှစ်နိုင်ငံက ဇူလိုင်လ ၂၂ ရက်တွင် ပြောကြားခဲ့ပါသည်။

ထရမ့်က အဆိုပါသဘောတူညီချက်သည် အမေရိကန်၏ မော်တော်ကားလုပ်ငန်းများ၊ နည်းပညာကုမ္ပဏီများ၊ အလုပ်သမားများ၊ လယ်သမားများ၊ မွေးမြူရေး

လုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများအတွက် ကြီးမားသောအောင်ပွဲဟု ခေါ်ဆိုနိုင်ကြောင်း ၎င်း၏ Truth ဆိုရှယ်မီဒီယာပလက်ဖောင်းတွင် ပထမဆုံးကြေညာခဲ့ပါသည်။

သဘောတူညီမှုအတွက် အသေးစိတ်အစီအစဉ်များကို နှစ်နိုင်ငံလုံးမှ ပူးတွဲထုတ်ပြန်ချက်တစ်ခုအဖြစ် ထုတ်ပြန်ခဲ့ပြီး White House ၏ fact sheet တွင်လည်း ထုတ်ပြန်ခဲ့ပါသည်။ နှစ်နိုင်ငံညှိနှိုင်းရေးအဖွဲ့များက လာမည့်ရက် သတ္တပတ်အနည်းငယ်အတွင်း သဘောတူစာချုပ် အမှန်တကယ် အပြီးသတ်နိုင်ရေးအတွက် ဆောင်ရွက်မည်ဟု ပြောကြားခဲ့ကြပါသည်။

အမေရိကန်ပြည်ထောင်စုနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံလုံ ၏ ထုတ်ကုန်တင်ပို့သူများအတွက် အပြန်အလှန် စီးပွားရေးအခွင့်အလမ်းများကို ပေးစွမ်းနိုင်မည့် အပြန်အလှန်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီမှုတစ်ရပ် ညှိနှိုင်းနိုင်ရေးအတွက် မူဘောင်ကို သဘောတူခဲ့ကြကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ အင်ဒိုနီးရှားနှင့် သဘောတူညီချက်သည် ထရမ့်အစိုးရအနေဖြင့် မြင့်မားသည့် အကောက်ခွန် ကောက်ခံရန် သတ်မှတ်ထားသော ဩဂုတ် ၁ ရက်မတိုင်မီ ချုပ်ဆိုနိုင်ခဲ့သည့် အနည်းငယ်သော သဘောတူညီချက်များအနက်တစ်ခုဖြစ်ပါသည်။



အရှေ့တောင်အာရှတွင် အကြီးဆုံး စီးပွားရေး နိုင်ငံတစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှုသည် ဇူလိုင်လ ၂၂ ရက်က ဖိလစ်ပိုင်နိုင်ငံအတွက် ကြေညာခဲ့သည့် ၁၉ ရာခိုင်နှုန်းနှင့် တူညီပြီး ဗီယက်နမ်အပေါ် အကောက်ခွန်နှုန်းမှာ ၂၀ ရာခိုင်နှုန်းထားရှိထားပါသည်။

သဘောတူညီချက်အရ အင်ဒိုနီးရှားသည် အင်တာနက်ဒေတာ အသုံးပြုမှုအပေါ် အခွန်ကောက်ခံမည့် ၎င်း၏ အစီအစဉ်ကို ချက်ချင်းဖျက်သိမ်းမည်ဖြစ်ပါသည်။ ထို့ပြင် သက်တမ်းကြာရှည်လာပြီဖြစ်သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ e-commerce (အွန်လိုင်းကုန်သွယ်မှု) အခွန်များ ဆိုင်းငံ့ခြင်းကို သက်တမ်းတိုးရေးအား ထောက်ခံရန် သဘောတူခဲ့ကြောင်း ထရမ့်အစိုးရ၏ အကြီးတန်းအရာရှိတစ်ဦးက သတင်းစာရှင်းလင်းပွဲအတွင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် အင်ဒိုနီးရှားသည် အမေရိကန် စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရာတွင် အခက်အခဲဖြစ်စေခဲ့ပြီး အမေရိကန် လယ်ယာကုန်သွယ်မှုလိုငွေကို တိုးစေနိုင်သည့် လတ်တလောတွင် ပြဌာန်းခဲ့သော အမေရိကန်မှတင်ပို့သော စိုက်ပျိုးရေး

ထုတ်ကုန်များအတွက် စစ်ဆေးခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာ စည်းမျဉ်းများကိုလည်း ဖယ်ရှားမည်ဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားခဲ့ပါသည်။

အရေးကြီးသော ဓာတ်သတ္တုများအပါအဝင် စက်မှုလုပ်ငန်းသုံး ကုန်ပစ္စည်းများ တင်ပို့မှုအပေါ် ကန့်သတ်ချက်များကို ဖယ်ရှားရန် အင်ဒိုနီးရှားနိုင်ငံက သဘောတူခဲ့ကြောင်း ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ အမေရိကန်သို့ တင်ပို့ခဲ့သည့် ကုန်စည်များအတွက် ပြည်တွင်း လိုအပ်ချက်များကိုလည်း ဖယ်ရှားသွားမည်ဟု အမေရိကန်၏ တာဝန်ရှိသူက ပြောကြားခဲ့ပါသည်။

အမေရိကန်သည် အပြန်အလှန်အကောက်ခွန်နှုန်းထားကို ၁၉ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ပြီး အပြန်အလှန် အကောက်ခွန်နှုန်းကို ထပ်မံလျှော့ချရန်အတွက် အမေရိကန်တွင် မရရှိနိုင်သော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသော ကုန်စည်အချို့ကိုလည်း ခွဲခြားသတ်မှတ်နိုင်ကြောင်း ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

သဘောတူညီချက်၏ အကျိုးအမြတ်များကို တတိယနိုင်ငံများ မခံစားရစေဘဲ အမေရိကန်နှင့် အင်ဒိုနီးရှားတို့သာ အဓိကခံစားစေနိုင်ရန်အတွက် ပင်ရင်းဒေသစည်းမျဉ်းများကို ညှိနှိုင်းသွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံက ပြောကြား၏ခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်မှ ပြန်လည် ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ သို့မဟုတ် အစိတ်အပိုင်းများအတွက် သွင်းကုန်ကန့်သတ်ချက်များနှင့် လိုင်စင်လိုအပ်ချက်များ ဖယ်ရှားရေးတို့အပါအဝင် အမေရိကန်ကုန်ပစ္စည်းများအတွက် အတားအဆီးများကို ကိုင်တွယ်ဖြေရှင်းရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Source: [https://www.channelnewsasia.com/asia/indonesia-us-trade-deal-trump-tariffs-5252891](https://www.channelnewsasia.com/asia/indonesia-us-trade-deal-trump-tariffs-5252891)

ဒေါ်သန်းသန်းစိုး
ဦးစီးအရာရှိ
ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

# ရင်းနှီး/ စီးပွား ပြည့်စွမ်းအား




ရင်းနှီး/ စီးပွားဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံး၊ e-Government ဌာနခွဲမှ
၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင်
စတင်ထုတ်ဝေသည်။
www.mifer.gov.mm